## အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ("MPT"၊ "ကျွန်ုပ်တို့"၊ "ကျွန်ုပ်တို့ကို" သို့မဟုတ် "ကျွန်ုပ်တို့၏") က သင့်အတွက် ပံ့ပိုးပေးထားသော လိုတရမှ ကြိုဆိုပါသည်။ ဤစာမျက်နှာသည် ကျွန်ုပ်တို့၏ လိုတရ ဝက်ဘ်ဆိုဒ် သို့မဟုတ် ဆက်စပ် အက်ပ်လီကေးရှင်းများ ("MPT4U") ကို ဝင်ရောက်ချိန် သို့မဟုတ် အသုံးပြုချိန်တွင် သင်လိုက်နာရန် သဘောတူ နိုင်သည့် စည်းကမ်းချက်များကို ရှင်းလင်းထားပါသည်။ လိုတရကို ဝင်ရောက်ခြင်း သို့မဟုတ် အသုံးပြုခြင်းဖြင့် သင်သည် ၎င်း အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ၊ လိုတရ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု မူဝါဒ နှင့် ၎င်းတို့ နှင့် ဆက်စပ်သည့် အခြားသော သက်ဆိုင်ရာ နည်းဥပဒေများ၊ မူဝါဒများ နှင့် စည်းကမ်း ချက်များ(စုပေါင်း၍ "စည်းကမ်းချက်များ" ဟု ခေါ်ဆိုရန်) ကို ဖတ်ရှု၊ နားလည်ကြောင်း နှင့် ၎င်းတို့ကို လိုက်နာ ဆောင်ရွက်ရန် သဘောတူကြောင်း သဘောဆောင်ပါသည်။

ကျွန်ုပ်တို့သည် ပြင်ဆင်ထားသော စည်းကမ်းချက်များကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ပေါ်တွင် တင်ခြင်းအားဖြင့် စည်းကမ်းချက်များကို မိမိတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နိုင်ခွင့်ရှိပါသည်။ ထိုပြောင်းလဲမှုများပြုလုပ်ပြီး နောက် သင်၏ လိုတရအား ဆက်လက်အသုံးပြုမှုသည် ပြင်ဆင်ထားသော စည်းကမ်းချက်များကို လက်ခံခြင်း မြောက်ပါသည်။

၁။ လိုတရ အသုံးပြုမှု

လိုတရသည် သင့်အတွက် လိုအပ်သမျှ သတင်းအချက်အလက်များ နှင့် ဆောင်းပါးများကို တစ်နေရာတည်းတွင် စုံလင်စွာ ရှာဖွေနိုင်မည့် နေရာတစ်ခုကို သင့်အတွက် ပံ့ပိုးပေးထား ပါသည်။

လိုတရကို အသုံးပြုရန်အတွက် သင်သည် မှတ်ပုံတင်စာရင်းပေးရန် မလိုအပ်ပါ။ ဝိုင်ဖိုင်ကွန်ယက်တစ်ခုဖြင့် MPT4U မှ တဆင့် လိုတရကို ဝင်ရောက်ပါက အတည်ပြု စစ်ဆေးရန် ရည်ရွယ်ချက်ဖြင့် တစ်ခါသုံး စကားဝှက်ကို သင့်ထံ ပေးပို့သွားပါမည်။

စည်းကမ်းချက်များ လိုက်နာမှုအပေါ်နှင့် သက်ဆိုင်ရာ ဒေတာ အခကြေးငွေများပေးချေမှုအပေါ်မူတည်၍ ကျွန်ုပ်တို့သည် သင့်အား တစ်ကိုယ်ရေ နှင့် စီးပွားဖြစ်မဟုတ်သော လိုတရ အသုံးပြုမှုကို ဝင်ရောက်သုံးစွဲ ရန်အတွက် ကန့်သတ်ထားသော၊ သီးသန့်မဖြစ်သော၊ လွှဲပြောင်း၍ မရသော၊ ထပ်ဆင့်လိုင်စင်ချ၍ မရသော နှင့် ရုတ်သိမ်း၍ရသော သုံးစွဲခွင့်ကို ပေးပါသည်။ ဤသုံးစွဲခွင့်ထဲတွင် လိုတရအကြောင်းအရာ ဒေါင်းလော့ပြုလုပ် ခြင်း၊

ကူးယူခြင်း သို့မဟုတ် အခြားအသုံးပြုခြင်း၊ သို့မဟုတ် Data Mining၊ Robots တစ်ခုခု သို့မဟုတ် အလားတူ ဒေတာစုဆောင်းမှု နှင့် ထုတ်ယူခြင်း ကိရိယာများ အသုံးပြုခြင်း တစ်ခုခု အပါအဝင် လိုတရ သို့မ ဟုတ် ၎င်း၏ အစိတ်အပိုင်း တစ်ရပ်ရပ်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် စီးပွားဖြစ် အသုံးပြုခြင်း တစ်ရပ်ရပ် မပါဝင်ပါ။ စည်းကမ်းချက်ထဲ တွင် သင့်အား အတိအလင်း ခွင့်မပေးထားသော အခွင့်အရေးများ အားလုံးကို ကျွန်ုပ်တို့ သို့မဟုတ် ကျွန်ုပ်တို့၏ အသုံးပြုခွင့်ပေးသူများ၊ ထောက်ပံ့သူများ၊ ထုတ်ဝေသူများ၊ အခွင့်အရေး ကိုင်ဆောင်သူများ သို့မဟုတ် အခြား သော အကြောင်းအရာ ပံ့ပိုးပေးသူများမှ ထိန်းသိမ်းရယူထားပါသည်။ လိုတရ၏ မည်သည့် အစိတ်အပိုင်းကို မဆို ကျွန်ုပ်တို့၏ အတိအလင်း စာဖြင့်ရေးထားသော ခွင့်ပြုချက်မပါဘဲ ပြန်လည်ထုတ်ဝေခြင်း၊ ပုံတူပွားခြင်း၊ ပြောင်းလဲခြင်း၊ ကူးယူခြင်း၊ ရောင်းချခြင်း၊ ပြန်လည်ရောင်းချခြင်း သို့ မဟုတ် အခြားနည်းဖြင့် စီးပွားဖြစ် ရည်ရွယ် ချက်တစ်ခုခုအတွက် အသုံးချခြင်း မပြုရ။ သင်သည် ကျွန်ုပ်တို့၏ အမည် သို့မဟုတ် ကုန်အမှတ်တံဆိပ်များကို အသုံးပြုထားသော Meta Tags သို့မဟုတ် အခြား ဝှက်ထားသည့် စာသားတစ်ခုခုကို အသုံးပြုခွင့်မရှိပါ။ သင်သည် လိုတရကို စည်းကမ်းချက်များနှင့် ဥပဒေအရ ခွင့်ပြုချက် ဖြင့်သာ အသုံးပြုနိုင်ပြီး အခြားအသုံးပြုမှုများ ကို တင်းကြပ်စွာ တားမြစ်ထားပါသည်။ စည်းကမ်းချက် များကို သင် လိုက်နာမှုမရှိပါက ကျွန်ုပ်တို့မှ သင့်အား ပေးအပ်ထားသော အသုံးပြုခွင့်ကို အကြောင်းကြားမှု မရှိဘဲ ချက်ခြင်း ရပ်စဲမည်ဖြစ်သည်။

MPT သည် MPT ၏ မိမိ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် သင်၏ လိုတရသို့ ဝင်ရောက်မှု သို့မဟုတ် အသုံးပြုမှုကို အကြောင်းကြားမှုမရှိဘဲ အမြဲတမ်း သို့မဟုတ် ယာယီ ရပ်စဲခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း သို့မဟုတ် အခြား နည်းဖြင့် ခွင့်ပြုရန် ငြင်းဆန်ခြင်းများ ပြုလုပ်နိုင်ပြီး အကြောင်းပြချက်တစ်ခုခုသို့မဟုတ် မည်သည့် အကြောင်း ပြချက်အတွက်မှ တာဝန်မရှိစေရ။ ထိုဖြစ်ရပ်တွင် သင်သည် စည်းကမ်းချက်များအား ဤတွင် ပါဝင်သော ဆက်လက်တည်ရှိနေမည့် စည်းကမ်းချက်များ ဖြည့်ဆည်းရန် လိုအပ်သည့်အတိုင်းအတာအထိ ဆက်လက် လိုက်နာရပါမည်။

လိုတရသည် သတ်မှတ်အချိန်နှင့် သတ်မှတ်အချိန်မဟုတ်သော ဝန်ဆောင်မှု အဆက်ပြတ်ခြင်းများ ပေါ် မူတည် နိုင်သည်။ လိုတရ၏ ကဏ္ဍများအားလုံးသည် MPT ၏ မိမိတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲ ခြင်း ရှိနိုင်သည်။ MPT သည် သင့်အပေါ် သို့မဟုတ် မည်သည့် တတိယပုဂ္ဂိုလ်များအပေါ်တွင်မျှ လိုတရ၏ အဆက်ပြတ်ခြင်းတစ်ခုခု၊ ချွတ်ယွင်းနေသော အချိန်

(စီစဉ်ထားသည်ဖြစ်စေ မစီစဉ်ထား သည်ဖြစ်စေ) သို့မဟုတ် ဝင်ရောက်၍ မရခြင်း အတွက် တာဝန်ရှိမည် မဟုတ်သည်ကို သင့်အနေဖြင့် သဘော တူပါသည်။

MPT သည် သင်၏ လိုတရ အသုံးပြုမှု သို့မဟုတ် အလွဲသုံးစားပြုမှု၊ အခြားအသုံးပြုသူများနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှု သို့မဟုတ် အခြားဆောင်ရွက်မှု သို့မဟုတ် ပေါ့လျော့မှု တစ်ခုခုအတွက် တာဝန် ရှိမည် မဟုတ်ပါ။

၂။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများ

လိုတရ နှင့် ထိုအထဲတွင်ရှိသော သို့မဟုတ် ထိုတွင် လွှဲပြောင်းထားသော ဆော့ဖ်ဝဲ၊ ရုပ်ပုံများ၊ စာသား၊ ဂရပ် ဖစ်များ၊ သရုပ်ဖော်မှုများ၊ လိုဂိုများ၊ တီထွင်မှုမူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှု အမှတ် တံဆိပ်များ၊ မူပိုင်ခွင့်များ၊ ဓာတ်ပုံများ၊ အသံ၊ ဗီဒီယိုများ၊ ဂီတနှင့် အကြောင်းအရာ အပါအဝင် ၎င်းတို့ချည်း သာ မဟုတ်သော (စုပေါင်း၍ **"အကြောင်းအရာ"**) အချက်အလက်များအားလုံး နှင့် ၎င်းတို့နှင့် သက်ဆိုင်သော ဉာဏ ပစ္စည်း အခွင့်အရေးများအားလုံးမှာ MPT နှင့် ၎င်း၏ အသုံးပြုခွင့်ပေးသူများ၊ ထောက်ပံ့သူများ၊ ထုတ်ဝေသူများ၊ အခွင့်အရေး ကိုင်ဆောင်သူများ နှင့် အခြားသော အကြောင်းအရာ ပံ့ပိုးသူများ ၏ သီးသန့်ပစ္စည်း ဖြစ်သည်။ ဤ တွင် အတိ အလင်းဖော်ပြထားသည်မှ လွဲ၍ စည်းကမ်းချက်များ၏ မည်သည့်အရာကမျှ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေး များတစ်ခုခုတွင်ရှိသော သို့မဟုတ် ထိုအောက်တွင်ရှိသော အသုံးပြုခွင့်တစ်ခု သို့မဟုတ် အခွင့်အရေး တစ်ခု ဖန်တီးသည်ဟု မမှတ်ယူရ။ လိုတရတွင် ဝင်ရောက်အသုံးပြုနိုင်သော အချက်အလက် များတစ်ခုခု သို့ မဟုတ် အကြောင်းအရာတစ်ခုခုမှ ဆင့်ပွားရရှိလာသော လက်ရာများကို ရောင်းချခြင်း၊ အသုံးပြုခွင့်ပေးခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖြန့်ချိခြင်း၊ ကူးယူ ခြင်း၊ ဆင့်ပွားကူးယူခြင်း၊ ထုတ်လွှင့်ခြင်း၊ လူအများမြင်သာ စေရန် ပြသခြင်း၊ လူအများမြင်သာ စေရန် ဖျော်ဖြေခြင်း၊ ထုတ်ဝေ ခြင်း၊ ၊ သင့်လျော်သလို ပြင်ဆင်အသုံးပြုခြင်း၊ တည်းဖြတ်ခြင်း သို့မဟုတ် ဖန်တီးခြင်းများကို သင့်အနေဖြင့် မပြုလုပ်ရန် သဘောတူ ပါသည်။ စည်းကမ်းချက်များမှ အတိအလင်းခွင့်ပြုမထားသော မည်သည့်ရည်ရွယ်ချက်အတွက်မဆို အကြောင်း အရာ အား အသုံးပြု ခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါသည်။

ဝန်ဆောင်မှု သို့မဟုတ် ကျွန်ုပ်တို့၏ ထုတ်ကုန်များ တိုးတက်စေမည့် နည်းလမ်းအပါအဝင် ၎င်းတို့ ချည်းသာဟု ကန့်သတ်မထားဘဲ လိုတရအပေါ် မှတ်ချက်များ သို့မဟုတ် ထင်မြင်ချက်များ ("ထင်မြင်ချက်များ") တင်ပြရန် သင့်အနေ ဖြင့် ရွေးချယ်နိုင်သည် သို့မဟုတ် ကျွန်ုပ်တို့မှ သင့်အား

တင်ပြရန် ဖိတ်ခေါ် နိုင်ပါသည်။ ထင်မြင်ချက် တစ်ခုခုကို တင်ပြခြင်းဖြင့် သင်၏ ထုတ်ဖော်မှုသည် အခမဲ့ဖြစ်ကြောင်း၊ မတောင်းဆိုပဲပေးကြောင်း နှင့် ကန့်သတ် မထားကြောင်း၊ နှင့် MPT အား ယုံမှတ်အပ်နှံမှု တစ်စုံတစ်ရာ သို့မဟုတ် အခြားသော တာဝန်ဝတ္တရား အောက် မရောက်စေကြောင်း၊ နှင့် ကျွန်ုပ်တို့မှ ထိုထင်မြင်ချက်ကို သင့်အားလျော်ကြေးတစ်စုံတစ်ရာ မပေးဘဲ လွတ်လပ်စွာအသုံးပြုနိုင်ကြောင်း၊ နှင့်/သို့မဟုတ် ထိုထင်မြင်ချက်အား လျှို့ဝှက်ထားရှိခြင်းမဟုတ်သော ပုံစံ သို့မဟုတ် အခြားနည်းအားဖြင့် တစ်ဦးတစ်ယောက်ထံ ထုတ်ဖော်ရန် သင့်အနေဖြင့် သဘောတူပါသည်။ ထို့ပြင် သင်၏တင်ပြမှုကို လက်ခံခြင်းဖြင့် ယခင်က MPT သိရှိထားသော သို့မဟုတ် ၎င်း၏ ဝန်ထမ်းများမှ ထုတ်ဖော် ထားသော သို့မဟုတ် သင့်အပြင် အခြားအရင်း အမြစ်များထံမှ ရရှိထားသော ဆင်တူသည့် သို့မဟုတ် ဆက်စပ် ထင်မြင်ချက်များ သုံးစွဲရန် အခွင့်အရေးများ တစ်ခုခုကို MPT က စွန့်လွှတ်ခြင်းမရှိကြောင်းကို သင့်အနေဖြင့် အသိအမှတ်ပြုပါသည်။

၃။ သုံးစွဲမှုအတွက် ပြည့်မီရမည့် သတ်မှတ်ချက်

လိုတရအား အသက်ဆယ့်သုံး(၁၃)နှစ်နှင့် အထက်ရှိ အသုံးပြုသူများအတွက်သာ ရည်ရွယ်ပါသည်။ အကယ်၍ သင်သည် အသက်ဆယ့်ရှစ်(၁၈)နှစ်အောက်ဖြစ်ပါက မိဘအုပ်ထိန်းမှုမှ ကင်းလွတ်သော အရွယ်မရောက် သေးသူ သို့မဟုတ် ဥပဒေအရ မိဘအုပ်ထိန်းမှု သို့မဟုတ် အုပ်ထိန်းသူ ခွင့်ပြုချက်အား ရရှိထားသူ နှင့် စည်းကမ်းချက်များထဲတွင်ဖော်ပြထားသော စည်းကမ်းများ၊ သတ်မှတ်ချက်များ၊ တာဝန် ဝတ္တရားများ၊ ကတိ သစ္စာပြုခြင်းများ၊ ကိုယ်စားပြု တင်ပြခြင်းများ နှင့် အာမခံခြင်းများကို ချုပ်ဆိုရန်နှင့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန် စွမ်းဆောင် ရည်နှင့် အရည်အချင်းအပြည့်အဝရှိခြင်းဖြစ်မှသာ လိုတရအား အသုံးပြု နိုင်ပါသည်။

၄။ ဒေတာအခကြေးငွေများ

လိုတရအား ဝင်ရောက်ရန်နှင့် အသုံးပြုရန်အတွက် အခကြေးငွေမရှိပါ။ သို့သော် အကြောင်းအရာတစ်ခုခု အား ဒေါင်းလော့ လုပ်ခြင်း သို့မဟုတ် တိုက်ရိုက်ကြည့်ရှုခြင်း အပါအဝင် သင်၏ လိုတရအသုံးပြုခြင်း အတွက်၌ အခ ကြေးငွေများ ရှိနိုင်ပါသည်။

၅။ တာဝန်ခံမှုမှ ကင်းလွတ်စေခြင်း

သင်သည် MPT နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ၊ ပူးတွဲလုပ်ငန်းဆောင်ရွက်သူ၊ အေးဂျင့်များ၊ မန်နေဂျာ များ နှင့် အခြားဆက်စပ်ကုမ္ပဏီများ၊ နှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ အေးဂျင့်များ၊ အရာထမ်း များ၊ ဒါရိုက်တာများအား (၁) သင်ထုတ်လွှတ်လိုက်သော သို့မဟုတ် ရရှိသော ဒေတာ သို့မဟုတ် အကြောင်း အရာ တစ်ခုခုအပါအဝင် သင်၏ လိုတရအသုံးပြုခြင်းနှင့် ဝင်ရောက်ခြင်း (၂) ဤတွင်ပါဝင်သော ကိုယ်စားပြု တင်ပြခြင်းများနှင့် အာမခံချက် များတစ်ခုခုကို ချိုးဖောက်ခြင်း အပါအဝင် ယင်းတို့ချည်းသာမဟုတ်သော သင်၏ စည်းကမ်းချက်များ၏ စည်းကမ်း တစ်ခုခုအား ချိုးဖောက်ခြင်း (၃) ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု အခွင့်အရေး တစ်စုံတစ်ရာ၊ လူတစ်ဦး တစ်ယောက် ၏ ကျော်ကြားမှု ကိုယ်ပိုင် လက္ခဏာများအား အလွဲသုံးစားပြုခြင်းကို ကာကွယ်သည့် အခွင့်အရေးများ (publicity rights) သို့မဟုတ်၊ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများ အပါအဝင် ၎င်းတို့ချည်းသာမဟုတ်သော တတိယပုဂ္ဂိုလ်အခွင့်အရေးတစ်ခုခုကို သင့်အနေဖြင့် ချိုးဖောက်ခြင်း၊ (၄) သင်၏ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၏ ၏ ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်း တစ်ခုခုကိုချိုးဖောက် ခြင်း၊ (၅) လိုတရမှ တစ်ဆင့် သင်တင်ပြသော သို့မဟုတ် သင်ရ ရှိသော အချက်အလက်တစ်ခုခု၏ ရလဒ်တစ်ခုကြောင့် တောင်းဆိုမှု သို့မဟုတ် နစ်နာမှု တစ်စုံတစ်ရာ ဖြစ်ခြင်း သို့မဟုတ် (၆) သင်၏ ဖုန်းနံပါတ် (မှတ်ပုံတင်ထားသည် ဖြစ်စေ သို့မဟုတ် မှတ်ပုံမတင်ထားသည် ဖြစ်စေ) သို့ မဟုတ် ဟန်းဆက်မှ တစ်ဆင့် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ လိုတရသို့ ဝင်ရောက်ခြင်းနှင့် အသုံးပြုခြင်းတို့မှ ပေါ် ပေါက်လာသော တောင်းဆိုမှုများ၊ နစ်နာမှုများ၊ တာဝန်ဝတ္တရားများ၊ ဆုံးရှုံးမှုများ၊ တာဝန်ခံမှုများ၊ ကုန်ကျမှု များ သို့ မဟုတ် ကြွေးမြီနှင့် အသုံးစရိတ်များ (ရှေ့နေခများအပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာမက) တစ်ခုခုနှင့် အားလုံးထံမှ နှင့် ၎င်းတို့ကို ဆန့်ကျင်၍ ကာကွယ်ပေးရန်၊ တာဝန်ခံမှုမှ ကင်းလွတ်စေရန်နှင့် ထိခိုက်နစ်နာမှုမှ ကင်းလွတ်စေရန် သဘောတူပါသည်။

၆။ အာမခံချက်များ၏ မသက်ဆိုင်ကြောင်း ရှင်းလင်းများ နှင့် တာဝန်ခံမှုကန့်သတ်ချက်

လိုတရနှင့် လိုတရတွင်ပါဝင်သော သို့မဟုတ် အခြားနည်းဖြင့် သင်အသုံးပြုစေနိုင်ရန်ပြုလုပ်ထားသော သတင်း အချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲအပါအဝင်) နှင့် အခြားသော ဝန်ဆောင်မှုများကို စာဖြင့် အတိအကျဖော်ပြထားခြင်းမှ လွဲ၍ "ရှိသည့်အတိုင်း"နှင့် ရှိနိုင်မည့်အတိုင်း ရနိုင်သော စနစ်" ဖြင့် ပံ့ပိုးခြင်းဖြစ်သည်။ MPT သည် လိုတရ လည်ပတ်ခြင်း သို့မဟုတ် သတင်းအချက်အလက်၏ တိကျ မှန်ကန်မှု၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲ အပါအဝင်) သို့မဟုတ် လိုတရတွင် ပါဝင်သော သို့မဟုတ် အခြားနည်းဖြင့်

လိုတရမှ တဆင့် သင်အသုံးပြုနိုင်ရန် ပြုလုပ်ထားသည့် အခြားသော ဝန်ဆောင်မှုများပါဝင်သည့် သတင်းအချက်အလက်များကို အခြားနည်းဖြင့် တိတိကျကျစာဖြင့်ရေးသား မဖော်ပြ ထားပါက မည်သည့်အမျိုးအစားမဆိုဖြစ်သော အတိအလင်းဖြစ်စေ၊ တိုက်ရိုက်မဟုတ်သည်ဖြစ်စေ ကိုယ်စားပြု တင်ပြခြင်းများ သို့မဟုတ် အာမခံချက်များ မပြုလုပ်ပါ။ သင်၏ လိုတရအသုံးပြုမှုသည် ဖြစ်ပေါ်လာနိုင်ချေ ရှိသော အန္တရာယ်ကို မိမိဘာသာတာဝန်ယူသည်ဟု အတိအလင်း သဘောတူပါသည်။

သက်ဆိုင်ရာ ဥပဒေများမှ ခွင့်ပြုနိုင်သည့် အများဆုံး အတိုင်းအတာအလျောက် MPT သည် ရည်ရွယ်ချက် တစ်ခုအတွက် ကုန်သွယ်မှုနှင့် ရောင်းချနိုင်စွမ်း၏ တိုက်ရိုက်မဟုတ်သော အာမခံချက်များ အပါအဝင် ယင်းတို့ ချည်းသာမဟုတ်သော အတိအလင်းဖော်ပြထားသည့် သို့မဟုတ် တိုက်ရိုက်မဟုတ်သည့် အာမခံချက်များ အားလုံးကို မသက်ဆိုင် ကြောင်း ငြင်းဆိုပါသည်။

MPT သည်လိုတရ၊ သတင်းအချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲ အပါအဝင်) သို့မဟုတ် လိုတရတွင် ပါဝင်သော သို့မဟုတ် အခြားနည်းဖြင့် လိုတရမှ တဆင့် သင်အသုံးပြု နိုင်ရန် ပြုလုပ်ထားသည့် အခြားသော ဝန်ဆောင်မှုများ၊ MPT ဆာဗာများ သို့မဟုတ် MPT မှ ပို့ သော အီးလက် ထရောက်နစ် ဆက်သွယ်မှုများသည် ဗိုင်းရပ်များ သို့မဟုတ် အခြားသော အန္တရာယ်ရှိသည့် အစိတ်အပိုင်းများမှ ကင်းလွတ်ပါသည်ဟု MPT က အာမခံခြင်း မပြုပါ။ MPTသည် လိုတရအသုံးပြုခြင်း သို့မဟုတ် လိုတရနှင့် လိုတရတွင်ပါဝင်သော သို့မဟုတ် အခြားနည်းဖြင့် လိုတရမှ တစ်ဆင့် သင်အသုံးပြုစေနိုင်ရန်ပြုလုပ်ထားသော သတင်းအချက် အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲ အပါအဝင်) သို့မ ဟုတ် ဝန်ဆောင်မှု များမှ ပေါ်ပေါက်လာသော မည်သည့်အမျိုးအစားမဆိုဖြစ်သည့် တိုက်ရိုက်ဖြစ်သော၊ တိုက်ရိုက်မဟုတ်သော၊ ဆက်စပ်၍ဖြစ်သော၊ ပြစ်ဒဏ်အရဖြစ်သော နှင့် သို့မဟုတ် အကျိုးဆက်အားဖြင့် ဖြစ် သော နစ်နာမှုများအပါ အဝင် ယင်းတို့ချည်းသာမဟုတ်သော နစ်နာမှု တစ်စုံတစ်ရာအတွက် တာဝန်ခံမည် မဟုတ်ပါ။

၇။ တတိယပုဂ္ဂိုလ် အကြောင်းအရာ

လိုတရသည် တတိယပုဂ္ဂိုလ်များထံမှ ရယူသော သို့မဟုတ် ပံ့ပိုးသော အကြောင်းအရာများ (“တတိယပုဂ္ဂိုလ် အကြောင်းအရာ”)ကို စုစည်းထားခြင်း ဖြစ်သည်။ သို့ဖြစ်ပါ၍ MPT သည် ထို တတိယပုဂ္ဂိုလ် အကြောင်းအရာ ဖြစ်စေ တတိယပုဂ္ဂိုလ် အကြောင်းအရာနှင့် ဆက်စပ်၍

ချိတ်ဆက်ထားသည့် ဝက်ဘ်ဆိုဒ်တစ်ခုခုနှင့်ဖြစ်စေတို့ အတွက် တာဝန်မရှိပါ။ တတိယ ပုဂ္ဂိုလ်များ၏ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများတစ်ခုခုကို ရည်ညွှန်း ခြင်း သည် MPT မှ ထောက်ခံခြင်း၊ စပွန်ဆာပေးခြင်း သို့မဟုတ် အကြံပေးခြင်း အဖြစ်မမြောက်ပါ သို့မဟုတ် သွယ်ဝိုက်ညွှန်းဆိုခြင်း မဖြစ်ပါ။

၈။ အထွေထွေ

စည်းကမ်းချက်များသည် **http://mpt.com.mm/mm/about-home/terms-conditions-mm/** တွင် ဖတ်ရှု နိုင်သည့် MPT ၏ အထွေထွေ စည်းကမ်းသတ်မှတ်ချက်များ ("GTC") အရဖြစ်ရပါမည်။ ဤစည်းကမ်းချက်များ ၏ စည်းကမ်းချက်များနှင့် GTC အကြား ပဋိပက္ခတစ်စုံတစ်ရာ ဖြစ်ပေါ် ခဲ့ပါက ဤစည်းကမ်းချက်များက လွှမ်းမိုးရမည်။ ဤ စည်းကမ်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ နှင့် တရားရုံး သို့မဟုတ် စီရင်ပိုင် ခွင့်ရှိသော အဖွဲ့တစ်ခုမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် သို့မဟုတ် လမ်းညွှန်ချက် တစ်ခုခုအရဖြစ်ရပါမည်။ အကယ်၍ စည်းကမ်းချက်များ၏ စည်းကမ်းချက်၊ ပဋိညာဉ်ပြုချက်၊ ပြဋ္ဌာန်းချက် တစ်ခုခုအား တရားရုံးတစ်ခုခု သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော အဖွဲ့တစ်ခု သို့မဟုတ် ထိုအကြောင်း အရာ နှင့်စပ်လျဉ်း၍ ဥပဒေတစ်ရပ်ရပ်မှ ဥပဒေနှင့် မကိုက်ညီခြင်း၊ တရားမဝင်ဖြစ်ခြင်း သို့မဟုတ် အာဏာ မသက်ရောက်နိုင်ခြင်းအဖြစ် သတ်မှတ်ခဲ့ပါက ကျန်ရှိသော စည်းကမ်းချက်များ သို့မဟုတ် အဆိုပါ သတ်မှတ်ချက်၊ ပဋိညာဉ်ပြုချက် သို့မဟုတ် ပြဋ္ဌာန်းချက်၏ (တရားမဝင်ဖြစ်ကြောင်း သို့မဟုတ် အာဏာ သက်ရောက်မှုမရှိကြောင်း သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များမှ အပ) ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်မှု အပေါ် သက်ရောက်မှု မရှိစေရဘဲ စည်းကမ်းချက်များ၏ ပြဋ္ဌာန်းချက်တစ်ရပ်စီသည် ဥပဒေအရ ခွင့်ပြုထားသော အများ ဆုံး အတိုင်းအတာအထိ တရားဝင်ဖြစ်ပြီး အာဏာသက်ရောက်မှု ဆက်လက်ရှိရမည်။